# လက်ျားစုကျေးရွာ
# ပန်းတနော်မြို့နယ်

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း
## (၂၀၂၂-၂၀၂၇)

ပြုစုရေးဆွဲသူ
ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
လက်ျားစုကျေးရွာ၊ပန်းတနော်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်။)

စက်တင်ဘာလ၊၂၀၂၂ခုနှစ်

## မာတိကာ


| စဉ် | အကြောင်းအရာ | |
|---|---|---|
| | **စကားချီး** | ၃-၄ |
| | **လက်ျားစုကျေးရွာ ကျေးရွာသယံဇာတပြမြေပုံ၊ ရာသီခွင်ပြပုံ၊ အဖွဲ့အစည်း ပြပုံ၊ ပန်းတနော်မြို့** | ၅-၇ |
| ၁။ | **တည်နေရာနှင့် ပထဝီဝင် အနေအထား** | ၈-၈ |
| ၂။ | **ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** | ၈-၉ |
| ၃။ | **ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ** | ၉-၉ |
| ၄။ | **စီးပွားရေးနှင့် အသက်မွေးမှုအခြေအနေ** | |
| | (က) သီးနှံ စိုက်ပျိုးရေး | ၉-၉ |
| | (ခ) မွေးမြူရေးလုပ်ငန်း | ၁၀-၁၀ |
| | (ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ | ၁၀-၁၀ |
| | (ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၀-၁၁ |
| ၅။ | **အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ** | |
| | (က) ကျေးလက် သယ်ယူပို့ဆောင်ရေး | ၁၁-၁၁ |
| | (ခ) ကျေးရွာ မီးလင်းရေး | ၁၁-၁၂ |
| | (ဂ) သတင်းနှင့် ဆက်သွယ်ရေး | ၁၂-၁၂ |
| ၆။ | **ပညာရေး** | ၁၂-၁၂ |
| ၇။ | **ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး** | ၁၂-၁၃ |
| ၈။ | **ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး** | ၁၃-၁၃ |
| ၉။ | **ကျား- မ ရေးရာ ကိစ္စရပ်ဆိုင်ရာ** | ၁၃-၁၃ |
| ၁၀။ | **ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ** | ၁၄-၁၄ |
| **နောက်ဆက်တွဲ** | | |
| | နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း | ၁၅-၁၅ |
| | နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ | ၁၆-၅၈ |
| | နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား | ၅၉-၆၀ |
| | နောက်ဆက်တွဲ(၄) နှစ်အလိုက်စီမံချက်များစာရင်း | ၆၁-၆၁ |
| | နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ(၁) | ၆၂-၆၃ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၁-၂၀၂၆ ဘဏ္ဍာရေးနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ပျဉ်တုံးကလေး ကျေးရွာ၏ ကျေးရွာသူ/ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံး သောကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေး အတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန၊ ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိ ပါသည်။ အရေးကြီး သော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး ညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ် ဆောင်ရွက်ပေးပါခဲ့သည်။ ဤ လုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့်သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့် အတူတကွ ချိတ်ဆက်လုပ် ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည် သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သော လုပ်ငန်းများသည် ဆက်လက် လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွား ရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ပန်းတနော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့် အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုး ကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ၊ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊နှစ်စဉ်ဦးစားပေးစီမံချက် အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

စက်တင်ဘာလ၊ ၂၀၂၂ ခုနှစ်
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ
လက်ျားစုကျေးရွာ ၊ပန်းတနော်မြို့နယ်



ဒေါ်ဝါး ကျေးရွာအုပ်စု၊ လကျာ်းစုကျေးရွာ သယံဇာတပြ မြေပုံ
ဒေါ်ဝါးသို့
အညွှန်း -
ဘုရား၊ ဘုန်းကြီးကျောင်း
မြေသားလမ်း
စာသင်ကျောင်း
တံတား
သုသာန်
လယ်ကွင်းများ
လူနေအိမ်များ

## ဒေါ်ပါးကျေးရွာအုပ်စု · ဆေကျင်းရကျေးရွာ ရာသီစဉ်ပြပြက္ခဒိန်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁။ | ရာသီဥတု | | | | | | | | | | | | | |
| ၂။ | အလုပ်အကိုင် | ငရုတ် | ပြောင်း | – | စပါး | – | – | စပါး | စပါး | – | မတ်ပဲ | – | – | |
| ၃။ | ပွဲတော် | သင်္ကြန် | ညောင်ရေသွန်း | – | – | – | | ဆီမီး | | | [illegible] | | | |
| ၄။ | ဝင်ငွေ | | | | | | | | | | | | | |
| ၅။ | အခြားသီးနှံ | – | [illegible] | ငှက်ပျော | ရေကြီး | | ကွမ်း | | | | | | | |
| ၆။ | ကျန်းမာရေး | ဝမ်းပျက် | | | သွေးလွန်တုပ်ကွေး | | | | | | | | | |

ဆီဒိုးကျေးရွာအုပ်စု ၊ လကျက်းစု ကျေးရွာ အဖွဲ့အစည်းပြမြေပုံ




| ကျေးရွာတွင်း အဖွဲ့အစည်း | ကျေးရွာပြင်ပအဖွဲ့အစည်း |
|---|---|
| (အပြာ) - အုပ်ချုပ်ရေးအဖွဲ့ | (အနီ) - စိုက်ဘဏ် |
| (လိမ္မော်) - ဂေါပက အဖွဲ့ | (ခရမ်း) - UNDP |
| (အစိမ်းနု) - လမ်းကော်မတီ | |
| (အစိမ်းရင့်) - ရေ ကော်မတီ | |
| (အဝါ) - သာရေး / နာရေးအဖွဲ့ | |
| (အနီ) - လူငယ်အဖွဲ့ | |
| | |

## ၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

ပန်းတနော်မြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင်တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်တွင် တည်ရှိပါသည်။ ပန်းတနော်မြို့နယ်သည် မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၅၈ မိနစ်နှင့် ၁၇ဒီဂရီ ၂၃ မိနစ်ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၂၈ မိနစ်နှင့် ၉၅ ဒီဂရီ ၅၃ မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၄၉၈.၅၂) စတုရန်းမိုင်ကျယ်ဝန်း ပါသည်။ အရှေ့မှ အနောက်သို့(၁၇)မိုင်ရှိပြီး တောင်မှ မြောက်သို့(၂၇)မိုင်ရှည်လျားပါသည်။

ပန်းတနော်မြို့နယ်သည် အရှေ့ဘက်တွင် ညောင်တုန်းမြို့နယ်နှင့် မအူပင်မြို့ နယ်၊ အနောက်ဘက်တွင် အိမ်မဲမြို့နယ်နှင့် ကျောင်းကုန်းမြို့နယ်၊ တောင်ဘက်တွင် ဝါးခယ်မ မြို့နယ်၊ မြောက်ဘက်တွင် ဓနုဖြူမြို့နယ်နှင့် ကျုံပျော်မြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။

လက်ျားစု ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ဒေါ်ဝါး ကျေးရွာအုပ်စုတွင် ပါဝင်ပါသည်။ ပန်းတနော်မြို့နယ်နှင့်(၃)မိုင်(၂)ဖာလုံ ကွာဝေးပါ သည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ ဆည်ကြီးကျေးရွာ၊ ဒေါ်ဝါးရွာမကျေးရွာ၊ ကျုံပျော်လေး ကျေးရွာ တို့ဖြစ်ပါသည်။ လက်ျားစုကျေးရွာသည် လယ်လုပ်ငန်း အဓိက .လုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်သည်။ သင်လုပ်ငန်းနှင့် အခြားလုပ်ငန်းများကိုလည်း အနည်းငယ် လုပ်ကိုင်သော ဒေသတစ်ခုလည်း ဖြစ်ပါသည်။

## ၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ပန်းတနော်မြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှု များသော ဒေသဖြစ်ပါသည်။ ပန်းတနော်မြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံး အပူချိန် ၂၉.၂၂ ̊C ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ ဇန်နဝါရီလတွင် ၂၃.၉၇ ̊C ဖြစ်ပါသည်။ တစ်နှစ်ပျမ်းမျှ မိုးရွာရက် (၁၀၈) ရက်ရှိပြီး ပျမ်းမျှ မိုးရေချိန်မှာ (၈၈.၁၉) လက်မ ဖြစ်ပါသည်။ မိုးအများဆုံး ရွာသွန်းသောလမှာ ဇူလိုင်လနှင့် ဩဂုတ်လများ ဖြစ်ပါသည်။

လက်ျားစုကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာ သဘာဝအရင်းအမြစ်များထွက်ရှိမှုမှာ ဆေးဖက်ဝင် အပင်များဖြစ်သည့် ဘုန်းမသိမ်၊ သရင်းကြီး၊ လောက်သေ၊ ဆင်တုံးမနွယ်၊ ကြိတ်မှန်ရွက်၊ ဆူလာနဖာ စသည့်တို့ပေါက်ရောက်သောကြောင့် ကျန်းမာရေးအတွက် အရေးပါသော ဆေးဖက်ဝင်အပင်များ ပေါက် ရောက်သည့် ဒေသတစ်ခုလည်း ဖြစ်ပါသည်။ လယ်မြေ အသင့်အတင့်ရှိကြပြီး မြေပြန့်ဒေသဖြစ်ကာ မြေဆီအသင့်အတင့်ကောင်းမွန် သည်။

တောင်သူအားလုံးမှာ ချောင်းရေနှင့် အဝီစိတွင်းရေဖြင့် လယ်မြေကေ(၁၈၂)၊ ဥယာဉ် (၆၇.၅)၊ ကိုင်းကျွန်း(၉၇)ခန့်ကို ရေသွင်းစိုက်ပျိုးကြသည်။

## ၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

ကျေးရွာအတွင်းရှိ လူထုဗဟိုပြုအဖွဲ့အစည်းများတွင် အုပ်ချုပ်ရေးအဖွဲ့(ကျား-၁၃)ဦး၊ ဂေါပကအဖွဲ့(ကျား-၉)ဦး၊ ပရဟိတအဖွဲ့ (ကျား-၁၂၊ မ-၇)ဦး တို့သည် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေးများတွင် အားတက်သရော စုပေါင်း လုပ်ဆောင်နေကြသည်။ ယခုအခါ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ကျေးရွာသူ/ သားများကိုယ်တိုင် ပူးပေါင်းပါဝင် ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစားပေးလုပ်ငန်းများ အား သက်ဆိုင်ရာ ဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

## ၄။ စီပွားရေးနှင့် အသက်မွေးမှု အခြေအနေ

### (က) သီးနှံ စိုက်ပျိုးရေး

လက်ျားစုကျေးရွာတွင် (၂.၅)ကေအောက် တောင်သူငယ်(၂၀)အိမ်ထောင်စု၊ (၂.၅) ကေမှ (၅)ကေကြားရှိ တောင်သူလတ် (၉)အိမ်ထောင်စု၊ (၅)ကေမှ (၁၂.၅)ကေကြားရှိ တောင်သူလတ်(၂၃)အိမ်ထောင်စု၊ (၁၂.၅)ကေအထက်ရှိ တောင်သူကြီး (၈)အိမ်ထောင်စု စသည်တို့ရှိကြသည်။ အဓိအားဖြင့် စပါး၊ ကွမ်းနှင့် ပဲကို အဓိကထား စိုက်ပျိုးကြပါသည်။ မြေယာမဲ့အိမ်ထောင်စု(၄၇)အိမ်ခန့်ရှိပြီး အများစုသည် နေ့စား/ကျပန်း အဖြစ် လုပ်ကိုင်စား သောက်ကြပါသည်။

ကျေးရွာ၏ စိုက်ပျိုးရေးမှာ မိုးရေ၊ ချောင်းရေနှင့် အဝီစိတွင်းမှရရှိသောရေကို အဓိက အသုံးပြု၍ စိုက်ပျိုးရေးလုပ်ကိုင်ကြပြီး မြစ်ရေနှင့်အဝီစိတွင်းနှင့် ဝေးကွာသည့်ကိုင်းမြေ ကေများတွင် ရေလုံလောက်စွာမရရှိသဖြင့် သီးနှံအထွက်နှုန်းမှာ(၅၀)ရာခိုင်နှုန်းလောက်သာ ရရှိပါသည်။ ကျေးရွာရှိစိုက်ပျိုးတောင်သူများတွင် တစ်ဦးချင်းပိုင်လက်တွန်းထွန်စက် (၁၁)စီး၊ ခြွေလှေ့စက်(၄)စီး၊ ရေစုပ်စက်(၇၅)လုံး၊ ခြေနင်းရေတင်စက်(၂)လုံးနှင့် မြတ်ရိတ် စက်(၈၂)လုံးခု ရှိပါသည်။

သီးနှံအထွက်တိုးစေရန် သဘာဝမြေဆွေး၊ အော်ဂဲနစ်မြေသြဇာနှင့် ဓါတ်တု ပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတ်ဗေဒသွင်းအားစုများ၊ သီးနှံမျိုးစေ့များကို ပန်းတနော်ဈေးတွင် ဝယ်ယူရရှိနိုင်ပါသည်။ သီးနှံဈေးကွက်နှင့်ဝန်ဆောင်မှုတွင် တောင်သူ ကိုယ်တိုင်သော်လည်းကောင်း၊ ကုန်သည်ပွဲစားများမှတဆင့်သော်လည်းကောင်း၊ ရောင်းချ

နိုင်ကြပါသည်။ မိုးတွင်းကာလတွင်ရေနက်တွင်း ကိုင်းမြေများဖြစ်သဖြင့် စိုက်ပျိုးရေး လုပ်ငန်းများ လုပ်ကိုင်နိုင်ကြခြင်း မရှိပါ။

**(ခ) မွေးမြူရေးလုပ်ငန်း**

ကျေးရွာတွင် ဝက်မွေးမြူထားသည့် အိမ်ထောင်စုမှာအများစုမှာ(၃၁) အိမ်ထောင်စု ရှိပြီး ဝက်ကောင်ရေ (၃၉)ကောင်၊ ကြက်မွေးမြူထားသည့် အိမ်ထောင်စု (၇၇)အိမ်ရှိပြီး ကြက်ကောင်ရေ (၄၆၉)ကောင်၊ ဘဲမွေးမြူထားသည့် အိမ်ထောင်စုမှာ(၅၇) အိမ်ထောင်စုရှိ ပြီး ဘဲကောင်ရေ (၄၀၉)ကောင်နှင့် မြင်းမွေးမြူထားသည့်အိမ်ထောင်စု(၁)စု မြင်းကောင်ရေ (၁)ကောင် စသဖြင့် တစ်ပိုင်တစ်နိုင် မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပါတ်သတ်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှု များမရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆို ပါက မွေးမြူရေးနည်းပညာနှင့် ပါတ်သက်သည့် အတွေ့အကြုံ အသိပညာများ အားနည်း ကြပါသည်။

**(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ**

လက်ျားစုကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်ဘဲ အခြားစီးပွားရေး လုပ်ငန်းလုပ်ကိုင်သူများမှာ ဈေးဆိုင်၊ အရောင်းအဝယ်၊ ဆံပင်ညှပ်၊ ပန်းရံ-လက်သမား၊ ခေါင်းရွက်ဗျက်ထိုး၊ ဆိုင်ကယ်တက်စီအငှားလိုက် အစရှိသည့်လုပ်ငန်းများ လုပ်ကိုင်ကြ သည်။ နေ့စားအလုပ်လုပ်ကိုင်သူမှုများမှာ ပန်းရံ-လက်သမားအလုပ် သမားများအဖြစ် သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင် လုပ်အားခ ကျား(၅၀၀၀) ကျပ်၊ မ(၃၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာ အိမ်ထောင်စုပေါင်း (၃၀)အိမ်ခန့် လုပ်ကိုင်ကြသည်။ ကျေးရွာ တွင်စိုက်ပျိုး၊ မွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များ သည် အသက်မွေးဝမ်း ကျောင်းနည်းပညာနှင့် အသေးစား/အလတ်စား စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုဆိုင်ရာ ဝန်ဆောင်မှုများမရှိသဖြင့် အလုပ်နှင့် လိုက်လျော ညီထွေ ဖြစ်သော အတက်ပညာများ ကျွမ်းကျင်စွာတက်မြောက်မှုမရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့် အလမ်းနည်းပါးပါသည်။ လယ်ယာသား၊ ငါးထွက်ကုန်မဟုတ်သော အခြား ဒေသ ထွက်ကုန်များကို ရောင်းချရန် ဈေးကွက်အသင့်အတင့်ရှိသော်လည်း ဈေးကွက်ဆိုင်ရာ အသိအမြင်ရှိမှု အားနည်းပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု**

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနဖြစ်ပါသည်။ မြန်မာ လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများ ကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ အများဆုံး ထုတ်ချေးငွေမှာ (၁၅၀၀၀၀၀) ကျပ် ဖြစ်သည်။ အတိုးနှုန်းမှာ (၀.၄၂) ကျပ်နှုန်း ဖြစ်ပြီး လတိုး ဖြစ်သည်။ ထုတ်ချေးသည့် ကာလမှာ (၇) လဖြစ်သည်။ လယ်သမားများ အနေဖြင့်

လုံလောက်သော ချေးငွေ ပမာဏအား နှစ်ရှည် (အနည်းဆုံး ၃ နှစ်) ထုတ်ချေးပေးမည် ဆိုပါက ပိုမို အကျိုးရှိစွာ အသုံးချနိုင်မည် ဖြစ်ပေသည်။

သမဝါယမ အဖွဲ့မှ ငွေထုတ်ချေးသည့် အစီအစဉ်မှာ အဖွဲ့ဝင် ဖြစ်လျှင် ထုတ်ချေးနိုင်သည်။ အဖွဲ့ဝင်ဖြစ်ရန်(၅၀၀၀) ကျပ်စုရသည်။ စိုက်ပျိုးရေးနှင့် ကျဗန်းဟူ၍ ငွေထုတ်ချေးသည့်ပုံစံ(၂)မျိုးရှိသည်။ အတိုးနှုန်းလည်းမတူပါ။ ချေးငွေ ပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ် (၁၀၀၀၀၀) ကျပ် ထုတ်ချေးနိုင်ပါသည်။

UNDP၊ ငွေကြေးဝန်ဆောင်မှု အဖွဲ့အနေဖြင့် ကျေးရွာတွင် အကောင် အထည်ဖော်ဆောင်ရွက်နေသည်မှာ (၃)နှစ်ခန့် ရှိပြီ ဖြစ်ပါသည်။ စိုက်ပျိုးရေး ချေးငွေနှင့် ရိုးရိုးချေးငွေဟူ၍(၂)မျိုးရှိသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင်(၂၀၀၀၀၀) ကျပ်ဖြစ်ပြီး ရိုးရိုးချေးငွေမှာ(၈၀၀၀၀)ကျပ်ဖြစ်သည်။စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇) လိုအပ်သည်။ သို့ရာတွင်ကျပန်းမိသားစုများအနေဖြင့် ငွေချေးရန် အခက်အခဲရှိနေပါသည်။ အဘယ်ကြောင့်ဆိုသော် ပြန်လည်ပေးဆပ်သည့်ပုံစံမှာ နှစ်ပတ်လျှင် တစ်ကြိမ်ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းမရှိခြင်း၊ ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်း ပညာများ မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

**၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**

**(က) ကျေးလက် သယ်ယူပို့ဆောင်ရေး**

ရန်ကုန်-ပုသိမ်ကားလမ်းမှ ပန်းတနော်-ကျုံတနီးလမ်းမှ လက်ျာစုကျေးရွာသို့ (၃)မိုင်အတိုင်းအတာကွာဝေးပါသည်။ လက်ျာစုကျေးရွာ၏ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကြောင်းကိုသာ အသုံးပြုနိုင်ပါသည်။ ကုန်းလမ်းကို တစ်နှစ်ပတ်လုံးအသုံးပြု နိုင်ပြီး အသုံးပြုသောယာဉ်များမှာ ကား(၂)စီး၊ စက်ဘီး(၅၄)စီး၊ ထော်လာဂျီ(၆)စီးနှင့် မော်တော်ဆိုင်ကယ်(၅၉) စီးရှိပါသည်။

ကျေးရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပြီး ကွန်ကရစ်လမ်းအဖြစ်ကို ကျေးရွာ လူထုနှင့် ကျေးလက်ဦးစီးမှ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး အဆင်ပြေစွာ သွားလာနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ မြေသားလမ်းများမှာ မိုးတွင်း ကာလများတွင် ဗွက်များ၊ ချိုင့်များဖြစ်ကာ သွားလာရ အဆင်မပြေမှုများ ရှိနေပါသည်။ ကျေးရွာ၏ တံတားတည်ရှိမှုတွင် (၈ ပေ၊ ၁၅ ပေ၊ ၁၀ ပေ) ကွန်ရစ်တံတား(၁)စင်းရှိပြီး အဆိုပါတံတားမှာ ဂုံးကျော်တံတားဖြစ်သောကြောင့် ရာသီ မရွေးသွားလာ ဖြတ်သန်းနေကြပါသည်။

**(ခ) ကျေးရွာ မီးလင်းရေး**

ကျေးရွာမီးအလင်းရောင်အတွက် ဆိုလာမီးအလင်းကို အိမ်ထောင်စု(၄၄)အိမ်မှ မိမိအစီအစဉ်ဖြင့်သာဝယ်ယူသုံးစွဲနေပါသည်။ ဒီဇယ်အင်ဂျင်ဖြင့် အိမ်ခြေ(၅၂)နှင့် ကျန်

အိမ်ထောင်စုများမှာ ဘက်ထရီမီးချောင်းများကိုသာ အသုံးပြုနေရပါသည်။ လျှပ်စစ်မီး လင်းရေးအတွက် ကုန်ကျစရိတ်များသောကြောင့် ဆောင်ရွက်နိုင်ရန် ကြန့်ကြာနိုင်ပါသည်။ လျှပ်စစ်မီးလင်းရေးရပါက ကျေးရွာလူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

**(ဂ) သတင်းနှင့် ဆက်သွယ်ရေး**

လက်ျားစုကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း(၈၇) လုံး၊ ရေဒီယို (၃၁)လုံး၊ တီဗွီ (၅၄)လုံး၊ ဂြိုလ်တုစလောင်း (၅၄)လုံး စသည်တို့မှ ရရှိသည့်အပြင် **Ooredoo, MPT, Mytel, Telenor** ဖုန်းလိုင်းများ ဆက်သွယ်ရေးဆိုင်ရာ အခက်အခဲများ အထူးတလည်မရှိပေ။

**ဖ။ ပညာရေး**

လက်ျားစုကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းရှိ၍ ကျောင်းသား(၁၈)ဦး၊ ကျောင်းသူ(၂၉)ဦး ပညာသင်ကြားနေပြီး အဆိုပါကျောင်းဆောင်မှာ (၆၀'x၄၀'x၁၁') တစ်ထပ် အုတ်ကျောင်းဖြစ်ပြီး အရည်အသွေး ကောင်းမွန်ပါသည်။ ကျောင်းအုပ် ဆရာမ ကြီး(၁)ဦး၊ လက်ထောက်ဆရာ၊ ဆရာမ(၇)ဦးရှိပါသည်။ ဆရာတပည့် အချိုးအားဖြင့် (၄၀;၁)အောက် ဖြစ်ပါသည်။ ကျောင်းတွင် အခန်းများခွဲထားပါသည်။ အခြေခံ ပညာမူလ တန်းကျောင်းသူ/ သား(၄၂)ဦးရှိပါသည်။ သောက်သုံးရေကို ဘုန်းကြီးကျောင်း စက်ရေတွင်း မှ ခပ်ယူသုံးစွဲပါသည်။ (၂)ခန်းတွဲအိမ်သာ(၂)လုံးကလည်း ကျောင်းသူ/ကျောင်းသားများ အတွက် လုံလောက်မှုရှိပါသည်။ ထိုင်ခုံနှင့်စာရေးခုံများလိုအပ်ချက်ရှိ ပါသည်။

ကျေးရွာမှ(၃)နှစ်အထက်ကလေးများ(၂၂)ယောက်ကို မူလတန်းကျောင်းတွင် မူကြို ကလေးများအဖြစ်သင်ကြားပေးနေပါသည်။ တက်နိုင်ပါက မူကြိုကျောင်းတစ်ဆောင် လိုအပ်နေပြီး ဆရာ၊ ဆရာမအတွက် ကုန်ကျစရိတ်ကို မိဘများမှ ကျခံပေးနိုင်ပါသည်။ ထို့အပြင် ကုန်ကျစရိတ်သက်သာသော ကလေးအားကစားကွင်းတစ်ခုလည်းလိုအပ်နေ ပါသည်။ သောက်ရေအတွက်အခက်အခဲရှိသောကြောင့် ကျောင်းသားကျောင်းသူများ အတွက် ဂါလံ (၂၀၀)ဆန့် အုတ်ရေလှောင်ကန်တစ်ကန်တည်ဆောက်ပေးပါက တစ်နှစ် ပတ်လုံးသောက်ရေ ဖူလုံနိုင်ပေမည်။ ကျောင်းသား/သူများသည် ဒေါ်ဝါးကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းတွင် သွားရောက်ပညာသင်ကြားနေသော်လည်း အောက်ချက်ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား တိုက်တွန်းအားပေးရန်နှင့် စာကျက်ဝိုင်းများပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါ လှပါသည်။

ကျေးရွာတွင် စာမတက်သည့်ဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြသည်။ မူလတန်းအဆင့် စာတတ်မြောက်သည့် လူဦးရေမှာ (၉၅) ရာခိုင်နှုန်းရှိပြီး အလယ်တန်း အဆင့် စာတတ်မြောက်သူဦးရေ (၂၁.၈၅) ရာခိုင်နှုန်းနှင့် အထက်တန်းဆင့် စာတတ်မြောက် သူဦးရေ

(၅.၀၂) ရာခိုင်နှုန်းနှင့် တက္ကသိုလ်အဆင့် စာတက်မြောက်မှုနှုန်းမှာ (၁.၂) တို့ ရှိခြင်း ကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူ့စွမ်းအားအရင်းအမြစ် ကောင်းများဖြစ်ကြ ပါသည်။

**၇။ ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက **(၃)**မိုင်အတွင်း ကွာဝေးသော ပန်းတနော် ဆေးရုံတွင်အဓိကထား၍ သွားရောက်ပြသပါသည်။ ပန်းတနော်ဆေးရုံတွင် ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိပါသည်။ အသေးစား ကျန်းမာရေးနှင့် ဆိုင်သော ဆေးဝါးများကို ဒေါ်ဝါးကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးအတွက်က ပန်းတနော်မြို့နယ် ဆေးဆိုင်တွင်ရနိုင်ပါသည်။ အရေး ပေါ်ကိစ္စရပ်များ အတွက်ကိုမူ ပန်းတနော်မြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက် ပြသကြ ပါသည်။ ကျေးရွာအတွင်းတွင် ကျေးလက် ကျန်းမာရေးဆေးပေးခန်း တစ်ခန်းထား ရှိရန် နှင့် ကျန်းမာရေးဝန်ထမ်း တစ်ဦးရှိခြင်းဖြင့် ကျေးရွာအတွက်ပါ ကောင်းမွန်သော အကျိုး သက်ရောက်မှုရှိမည်ဖြစ်ပါသဖြင့် ကျန်းမာရေးဝန်ထမ်းနှင့် ဆေးပေးခန်း လိုအပ်ပါသည်။

မြစ်ရေနှင့် လက်နှိပ်တုံကင်စက်တပ်(၆)တွင်းနှင့် အဝီစိတွင်း(၆၆)တွင်း ရှိခြင်း ကြောင့် သောက်ရေအတွက် လုံလောက်မှု ရှိသော်လည်း ရေအရည်အသွေး အသင့်အတင့် သာရှိပါသည်။ ကျေးရွာသောက် ရေလိုအပ်ချက်ကိုဖြည့်ဆည်းရန်အတွက်(၄)လက်မ စက်ရေတွင်း(၁)တွင်းနှင့် အုတ်ရေကန်တစ်ကန်လိုအပ်နေပါသည်။ ယင်လုံအိမ်သာ သုံးစွဲသော အိမ်ထောင်စုမှာ **(၁၀၇)**အိမ်ရှိပါသည်။ ကျန်းမာသန့်ရှင်းရေးနှင့် ကိုက်ညီသည့် ကျန်းမာရေးအသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်မှာ အဓိကကျကြောင်း သုံးသပ် ဆွေးနွေးကြပါသည်။

**၈။ ဘေးအန္တရာယ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး**

လက်ကျားစုကျေးရွာတွင် အမျိုးသမီးဦးဆောင်သော ဆင်းရဲသည့် အိမ်ထောင်စုများနှင့် လက်လုပ်လက်စား၊ ကျပန်းများလုပ်ကိုင်သည့် အိမ်ထောင်စုများ အနည်းငယ်ရှိသဖြင့် ၄င်း အိမ်ထောင်စုများသည် သဘောဝဘေးနှင့် စားနပ်ရိက္ခာများ မဖူလုံသည့် အခြေအနေများ ကြုံ တွေ့ပါက အခြားအိမ်ထောင်စုများထက်ပို၍ ထိခိုက်ခံစားရလွယ်ကူနိုင်ပါသည်။

လက်ကျားစုကျေးရွာတွင် သဘာဝဆေးဘက်ဝင်အပင်များနှင့် သဘာဝတိရိစ္ဆာန် မျိုးစိတ်များအနည်းငယ်ရှိပြီး အိမ်ထောင်စုများမှစားသုံးရန် ထမင်းဟင်းများချက်ပြုတ်ရန် ထင်းများခုတ်ယူသုံးစွဲသဖြင့် သစ်တောပြုန်းတီးမှုအနည်းငယ်ရှိပါသည်။ မိုးရာသီတွင် ၄က်ဖျားရောဂါဖြစ်ပွားမှုအနည်းငယ်ရှိပါသည်။ တီဘီရောဂါဖြစ်ပွားသည့်လူနာအနည်း ငယ်ရှိပါသည်။ တိရိစ္ဆာန်ရောဂါများသည် ရာသီကူးပြောင်းမှုများတွင်ဖြစ်ပေါ်သော ခွာနာ၊ လျှာနာရောဂါနှင့် ကြက်၊ ဝက်တုတ်ကွေးရောဂါများဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။

### ၉။ ကျား-မရေးရာ ကိစ္စရပ်ဆိုင်ရာ

လက်ျားစုကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးမှာ အမျိုးသား ဦးရေထက်များပါသည်။ ကောက်စိုက်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀) ကျပ်ခန့် ရရှိကြသည်။ ကောက်ရိတ်ချိန်တွင် အမျိုးသမီးတစ်ဦးလျှင်(၄၀၀၀)ကျပ်ခန့်ရရှိကြပါသည်။ နေ့စားအလုပ်လုပ်ကိုင်သူများမှာ ဝန်ထမ်း၊ ပန်းရံ-လက်သမား အလုပ်သမားများ အဖြစ်သွားရောက်လုပ်ကိုင်ကြသည်။ တစ်နေ့လျှင်လုပ်အားခ ကျား(၅၀၀၀)ကျပ်၊ မ(၄၀၀၀) ကျပ်ရရှိပါသည်။ ကျေးရွာအိမ်ထောင်စုပေါင်း(၁၀၇)စုလုပ်ကိုင်ကြသည်။ ကျေးရွာ၏ စာတက် မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသမီးဦးရေ မှာ ပိုမိုများပြားပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေးဆောင်ရွက်နေသော အဖွဲ့အစည်း များတွင် အမျိုးသမီးရေးရာ အဖွဲ့တို့တွင် အမျိုးသမီးများသာလျှင် ဦးဆောင်ပါဝင် ကြပါသည်။ သို့သော်လည်း ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆုံးဖြတ်ပိုင်ခွင့်များတွင်မူ အမျိုးသမီးများ၏အခန်းကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

## ပန်းတနော်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## ဦးစားပေး ဆောင်ရွက်မည့် အဆိုပြု စီမံချက် လုပ်ငန်းများ

| စဉ် | ကျေးရွာ | ကဏ္ဍအမည် | စီမံချက် | ဦးစားပေး အဆင့် | အကောင်အထည်ဖော် ဆောင်ရွက်မည့် အဖွဲ့အစည်း | မှတ်ချက် |
|---|---|---|---|---|---|---|
| ၁ | လက်ျာစု | အခြေခံ အဆောက်အဦ | ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်း ခြင်းလုပ်ငန်း | ၁ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၂ | လက်ျာစု | အခြေခံအဆောက်အဦ | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်း | ၂ | ကျေးလက်ဦးစီး/ကျေးရွာ | |
| ၃ | လက်ျာစု | အခြေခံအဆောက်အဦ | မြေသားလမ်းဖို့ခြင်း | ၃ | ကျေးလက်လမ်းဦးစီး/ကျေးရွာ | |
| ၄ | လက်ျာစု | အခြေခံအဆောက်အဦ | ဒေါ်ဝါးကျေးရွာနှင့် လက်ျာစုကျေးရွာချင်းဆက်လမ်း အဆင့်မြှင့်တင်ခြင်း | ၄ | ကျေးလက်လမ်းဦးစီး/ကျေးရွာ | |
| ၅ | လက်ျာစု | အခြေခံအဆောက်အဦ | ဆည်ကြီးကျေးရွာနှင့် လက်ျာစုကျေးရွာချောင်းကူး တံတား အသစ်တည်ဆောက်ခြင်း | ၅ | ကျေးလက်လမ်းဦးစီး/ကျေးရွာ | |
| | | | | | | |
| | | | | | | |

နောက်ဆက်တွဲ (၁)

ဒေါ်ဝါးကျေးရွာအုပ်စု၊ လက်ျာ်းစုကျေးရွာ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးသန်းထွန်း | ဦးအောင်ရွှေ | ၁၄/ကပန(နိုင်)၀၉၂၃၅၅ | ၅၈ | ဥက္ကဋ္ဌ | ၀၉-၆၉၅၉၉၆၈၄၈ |
| ၂ | ဦးရန်နိုင်စိုး | ဦးမြင့်အောင် | ၁၄/ပတန(နိုင်)၁၉၅၂၇၈ | ၂၈ | ဝယ်ယူရေးကော်မတီဥက္ကဋ္ဌ | ၀၉-၄၅၇၇၁၅၀၉၈ |
| ၃ | ဦးစိန်အောင် | ဦးတင်မြ | ၁၄/ပတန(နိုင်)၀၉၂၃၉၂ | ၆၇ | ဘဏ္ဍာရေးမှူး | |
| ၄ | ဒေါ်သန်းသန်းဆွေ | ဦးခင်အောင် | ၁၄/ပတန(နိုင်)၁၃၅၆၈၃ | ၄၂ | စာရင်းကိုင် | ၀၉-၆၉၅၂၀၃၅၃၄ |
| ၅ | ဦးကံဌေး | ဦးသန်းရွှေ | ၁၄/ပတန(နိုင်)၀၉၂၃၅၀ | ၆၁ | အဖွဲ့ဝင် | |
| ၆ | ဒေါ်အေးအေးနွယ် | ဦးဝင်းထူး | ၁၄/ပတန(နိုင်)၂၁၄၁၃၈ | ၄၃ | အဖွဲ့ဝင် | ၀၉-၉၇၆၀၈၉၁၁၀ |
| ၇ | ဒေါ်ပိုးကြည် | ဦးရွှေဘို | ၁၄/ပတန(နိုင်)၁၉၆၃၁၃ | ၄၅ | အဖွဲ့ဝင် | |
| ၈ | ဒေါ်လှဲ့ရီဝင်း | ဦးအေးမောင် | ၁၄/ပတန(နိုင်)၁၅၉၂၈၅ | ၄၅ | အဖွဲ့ဝင် | |
| ၉ | ဦးမင်းမင်းဦး | ဦးတိုင်းကျော် | ၁၄/ဓနဖ(နိုင်)၁၃၃၃၉၉ | ၃၅ | အတွင်းရေးမှူး | ၀၉-၆၉၅၃၅၅၀၂၁ |

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | - | ၂ | ၂ | - | - |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၉ | ၈ | ၁၇ | - | - |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၂ | ၁၀ | ၂၂ | - | - |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၆ | ၁၈ | ၃၄ | - | - |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၆၇ | ၁၆၉ | ၃၃၆ | ၂ | - |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၃ | ၂၃ | ၅၆ | ၁ | ၁ |
| စုစုပေါင်း | | ၂၃၇ | ၂၃၀ | ၄၆၇ | ၃ | ၁ |
| စုစုပေါင်း အိမ်ထောင်စု | | ၁၀၇ | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာ အသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊ ၅နှစ်မှ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀)နှစ်မပြည့်မီအရွယ်၊ ၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့်သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊ ၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီအရွယ်၊ အသက်၆၅နှစ်နှင့် အထက်ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ လက်ျားစုကျေးရွာတွင် အိမ်ထောင်စုပေါင်း(၁၀၇)အိမ်ထောင်စုရှိပြီး အိမ်ထောင်စုလူဦးရေမှာ(၄၆၇)ဦးရှိပါသည်။ ၎င်းလူဦးရေတွင် ကျား(၂၃၈)ဦးရှိပြီး မ(၂၂၉)ဦးရှိပါသည်။ ကျေးရွာအတွင်း၌ အလုပ်လုပ်နိုင်သူဦးရေမှာ(၃၂၆)ဦးရှိပြီး ကျေးရွာ၏ စုစုပေါင်းလူဦးရေ၏(၈၀) ရာခိုင်နှုန်းရှိကာ မှီခိုသူဦးရေ နည်းပါးပါသည်။ သက်ကြီးရွယ်အို လူဦးရေမှာ ကျေးရွာရှိလူဦးရေ၏ (၅%)ရာခိုင်နှုန်းသာ ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူအင်အား

(ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ်လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| စိုက်ပျိုးစီးပွား လုပ်ငန်းများ | | | | | | | | |
| ၁ | လယ်ယာစိုက်ပျိုးရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၆၆ | ၂၁၃ | ၈ | ၁၀၈ | ၁၀၅ | ၁၄ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၉ | ၂၃ | ၁ | ၁၅ | ၈ | - | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၂ | တိရစ္ဆာန် မွေးမြူရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၂ | | ၁ | ၁ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | သစ်တောလုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၄ | ၃၅ | ၆ | ၁၀ | ၂၅ | ၃ | မြင့် ☐ လတ် ☑ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | | | | | | | | နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၈ | ၂၆ | ၂ | ၁၁ | ၁၅ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | - | ၁ | - | ၁ | မြင့် ☐ လတ် ☐ နိမ့် ☑ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၈ | ၂၂ | ၂ | ၁၂ | ၁၀ | ၂ | မြင့် ☐ လတ် ☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ် သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ် ပြီးမှန်ရာတစ်ခု ကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၇ | ပညာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | ကျန်းမာရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | လူမှုရေး လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာတစ်ခုကိုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | | |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | - | - | - | - | - | - | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ်☐ နိမ့် ☐ |
| | စုစုပေါင်း | ၁၀၇ | ၃၂၂ | ၁၉ | ၁၅၈ | ၁၆၄ | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"**အရေအတွက်တွင်**"မိသားစုဝင်လုပ်အား"ထပ်မံထည့်သွင်း** ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)"** ဆိုသည်မှာဖော်ပြပါလုပ်ငန်းတစ်ခုတွင်ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ ဝန်ထမ်းအဖြစ်လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့် အလမ်းရရှိနိုင်မှု အခြေအနေကိုဆိုလိုပါသည်။ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင်ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခုလုပ်ကိုင်ရန်အခွင့် အလမ်းများနေသည်ဟု ဆိုလို ပါသည်။

**လေ့လာတွေ့ရှိချက်။ ။** ကျွန်တော်တို့ လက်ကျားစုကျေးရွာတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သော လူဦးရေ(၂၉၃)ဦးရှိပြီး အခြားလုပ်ငန်းလုပ်ကိုင်သူဦးရေ (၁၉)ဦး ရှိကြောင်းလေ့လာတွေ့ရှိရပါသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား**

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန်ငါးဖမ်းခြင်း၊မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | - | - | - |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၄၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | - | - | - | - |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလုပ်ပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း | နေ့စား | - | - | - | - |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊လယ်သမားအုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

**(၂) နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)**

**လေ့လာတွေ့ရှိချက်။။။** ကျွန်တော်တို့ လက်ျားစုကျေးရွာတွင် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွင် နေ့စားဝင်ငွေရရှိမှုမှာ အများဆုံး (ကျပ်) ကျား(၅၀၀၀) မ(၄၀၀၀) နှင့် ပန်းရံလက်သမားနေ့စားခ ကျား(၅၀၀၀)နှင့် မ(၄၀၀၀)ကျပ် ပေးထားပြီး အခြားလုပ်ငန်းများအတွက် နေ့စားငှားရမ်းသော အလုပ် သမားများ မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**သဘာဝရင်းမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ**

**ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု**

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| **လယ်မြေ** | ၁၈၂ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ယာမြေ / တောင်ယာမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **ဥယျာဉ်ခြံမြေ** | ၆၇.၅ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ကိုင်း/ကျွန်းမြေ** | ၉၇ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| **ဓနိတောမြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စားကျက်မြေ** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **မြေလွတ်မြေလပ်** | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| **စုစုပေါင်း** | **၃၄၆.၅** | ☒ |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာ ယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွှတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့်မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျွန်တော်တို့ ကျေးရွာတွင် လယ်မြေ(၁၈၂)ဧက၊ ဥယျာဉ်ခြံမြေ(၆၇.၅) ဧကရှိပြီး မြေဆီလွှာအရေအသွေးမှာ သင့်ပြီး ကိုင်းကျွန်းမြေ(၉၇) ဧကရှိ၍ မြေဆီလွှာအရေအသွေးသင့် ဖြစ်ပြီး စုစုပေါင်း(၃၄၆.၅) ဧကရှိပါသည်။ မြေလွတ် မြေရိုင်းနှင့် အခြားမြေအမျိုးအစားများမရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(၈-၂) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက် သယံဇာတများ (ဓာတ်ငွေ့၊ရေနံ၊ကျောက်မျက်စသည်။) | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ်စသည်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☐ ခက်☑ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သဘာဝတိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑ အပြောင်းအလဲမရှိ ☐ |
| ရေ – မြေပေါ်ရေ (အင်း၊အိုင်၊ကန်၊ချောင်း၊မြစ်၊စိမ့်စမ်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| ရေ – မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊လက်တူးတွင်း) | များ ☐ သင့်☐ နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – အပူပိုင်းသစ်တော | များ ☐ သင့်☑ နည်း ☐ မရှိ ☐ | လွယ် ☑ ခက်☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |
| သစ်တော – ဒီရေတောများ | များ ☐ သင့်☐ နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ☑ |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။**    ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့် အခြားတွင်းထွက်များ၊ ကျောက်၊ သဲ၊ ကျောက်စရစ်၊ သစ်တောနှင့် ဒီရေတောများ မရှိပါ။ သဘာဝအပင်မျိုးပေါက်သော်လည်း အသုံးပြုမှုနည်းပါးပါသည်။ သဘာဝတိရိစ္ဆာန်များ အသင့်အတင့်ရှိပြီး၊ ကျေးရွာအတွင်း စားဝတ်နေရေးအတွက် အနည်းငယ်သာ မွေးမြူပါသည်။ ချောင်းရေ၊ အင်းရေနှင့် ကန်ရေတို့ကို အသင့်အတင့် အသုံးပြုပါသည်။

**(ဃ)    ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ်အလတ်ရှိသော အိမ်ထောင်စု | မပြေလည်သော အိမ်ထောင်စု | အလွန်မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေးလုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၂၅ | ၄၂ | ၃၀ | ၂၀ |

ရင်းမြစ် … (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။**    ကျွန်တော်တို့ ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စု (၂၅)စု၊ အလယ်အလတ်ရှိသော အိမ်ထောင်စု (၄၂)စု၊ မပြေလည်သော အိမ်ထောင်စု (၃၀)စု၊ အလွန်မပြေလည်သော အိမ်ထောင်စု (၂၀)စု ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

**(င)    ထိခိုက်လွယ်မှု**

**(င-၁)  ဝမ်းစာဖူလုံမှု**

**ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ရာခိုင်နှုန်းစီ)**

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက်ဝမ်းစာဖူလုံမှု | ၁၁ | ၂ | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = __________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = ___၁၁______<br>လုပ်အားခကြိုယူ = ________ |
| ၃လနှင့်၆လကြားဝမ်းစာဖူလုံမှု | ၄ | | အခြားအစာပြောင်းလဲစား = ____________<br>အစာလျှော့စား = _____ |

| အချိန်ကာလ | အိမ်ထောင်စုအရေအတွက် | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စုအရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| | | | အထောက်အပံ့ယူ = ________<br>ချေးယူ = ____ ၄_____<br>လုပ်အားခကြိုယူ = __________ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | - | အခြားအစာပြောင်းလဲစား = __________<br>အစာလျှော့စား = ________<br>အထောက်အပံ့ယူ = __________<br>ချေးယူ = __________<br>လုပ်အားခကြိုယူ = ________ |
| | | | |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။။ ကျွန်တော်တို့ ကျေးရွာ၏ ဝမ်းစာဖူလုံမှု စစ်တမ်း ကောက်ယူရာတွင် (၃) လအောက် ဝမ်းစာ ဖူလုံသူ (၁၁) ဦး၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုမှာ (၂)အိမ်ရှိပါသည်။ (၃)လနှင့်(၆)လကြား ဝမ်းစာဖူလုံသောအိမ်ထောင်စု(၄)နှင့် အမျိုးသမီးဦးဆောင်သောအိမ်ထောင်စု(-)အိမ်ရှိပါသည်။

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို၆၄နှစ်နှင့်အထက် | - | - | - |
